# မှားယွင်းစွာ ပြစ်ဒဏ်ပေးခံရခြင်းနှင့် နစ်နာဆုံးရှုံးမှု

## တရားသူကြီးက မှားယွင်းစွာ ဆုံးဖြတ်စီရင်လျှင်

“မမှားသောရှေ့နေ၊ မသေသော ဆေးသမား” ဆိုသည့် မြန်မာ ဆိုရိုးစကား ရှိသည်။ လူတိုင်းနီးပါး လောက်ပင် အမှားနှင့် မကင်းနိုင်။

တရားသူကြီးများက အမှုကို ဆုံးဖြတ်စီရင်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် အမှားအယွင်းများ ရှိတတ်သည်။ ထိုသို့မှားယွင်းမိပါက အပြစ်ပေးခံရသူတွင် အချိန်ကာလတခုတိုင်အောင် (သို့) အချို့ကိစ္စများတွင် တဘဝလုံးတိုင်အောင် နစ်နာဆုံးရှုံးမှု အနည်းနှင့်အများ ဖြစ်ရသည်။ တခါတရံတွင် ထိုသို့မှားယွင်းစွာ အပြစ်ပေးခံရသူအား မှီခိုနေရသော မိသားစုကပါ ဘေးထွက် နစ်နာဆုံးရှုံးမှုများကို ကြုံတွေ့ရသည်။

ဤသည်မှာ မလိုလားအပ်။ ဖြစ်လည်းမဖြစ်သင့်။ သို့ဖြစ်၍ နစ်နာဆုံးရှုံးသူတို့အား တရားမျှတသည့် ဘက်မှနေ၍ အတတ်နိုင်ဆုံး ကာကွယ်ပေးရန် လိုအပ်လာသည်။ တရားစီရင်ခြင်းကို အမှန်တရား ဘက်မှ ရပ်တည်ကာ ပြုပြင်ပြောင်းလဲရန် လိုအပ်လာသည်။

## စီရင်ချက်မှားသော်လည်း အယူခံဝင်ခွင့်ရှိ

အောက်ရုံးများက ပြစ်ဒဏ်ချမှတ်ခြင်းကို မှားယွင်းသည်ဟု ပြစ်ဒဏ်ချမှတ်ခံရသူက ယူဆလျှင် အထက်တရားရုံးသို့ တက်ကာ အယူခံဝင်နိုင်သည်။ သေဒဏ်ကဲ့သို့သော ပြစ်ဒဏ်အတွက် နိုင်ငံ့ အကြီးအကဲထံ အသနားခံစာတင်၍ ပန်ကြားနိုင်သည်။ များသောအားဖြင့် သာမန်ပြည်သူတို့က ဤသို့ပင် သိထားကြသည်။

ဉပမာ မြို့နယ်တရားရုံးမှ မှားယွင်းစွာ ပြစ်ဒဏ်ချမှတ်သည်ဟု ယူဆလျှင် တိုင်း(သို့)ပြည်နယ်တရားရုံး သာမက ဗဟိုတရားရုံးအထိပင် အဆင့်ဆင့်တက်၍ အယူခံဝင်နိုင်သည်။

အယူခံဝင်သည့်အတွက် မှားယွင်းသောစီရင်ချက်ကို အမှန်အတိုင်း ပြန်လည် ပြင်ဆင်ပေးနိုင်သဖြင့် မလိုအပ်သော နစ်နာဆုံးရှုံးမှုများကို ဖယ်ရှားနိုင်သောကြောင့် အလွန်ကောင်းမွန်၍ ရှိသင့်ရှိထိုက်သည်။

## အယူခံဝင်ရသည့်အတွက် မလိုလားအပ်သော ဆိုးကျိုးများ

သို့သော် ထိုသို့အဆင့်ဆင့် အယူခံဝင်ရုံဖြင့် တရားစီရင်ရေးစနစ်မှာ ပိုမိုတိကျ မှန်ကန်မှု ရှိနိုင်ပါမည် လားဟု စဉ်းစားစရာဖြစ်လာသည်။ သို့ဖြစ်လျှင် အောက်ရုံးများက လက်လွတ်စပယ် မှားယွင်းစွာ ဆုံးဖြတ်နေသရွေ့ အထက်တရားရုံးများက ထိုအမှားမှန်သမျှကို လိုက်လံပြင်ဆင်ပေးရမည်သာ ဖြစ်နေတော့သည်။

အပြစ်ရှိသည်ဟု စွပ်စွဲခံရသူအတွက် အချိန်၊ ငွေကြေးကို အလဟဿ ကုန်ဆုံးစေသည့်အပြင် စိတ်နှင့် ခန္ဓာကိုယ် ကျန်းမာရေးကိုလည်း အနည်းနှင့်အများ ထိခိုက်နိုင်စရာရှိသည်။ ထို့ပြင် ထိုအမှုကိစ္စအတွက် တရားရုံးဘက်မှ ကုန်ကျရသော ငွေကြေးဆိုသည်မှာ နိုင်ငံတော်သို့ ပေးဆောင်ထားသော ပြည်သူတို့၏ အခွန်ငွေများ ဖြစ်နေသည့်အတွက် နိုင်ငံ့ဘဏ္ဍာကို ဖြုန်းတီးရာရောက်သည်။ နိုင်ငံအတွက် တန်ဖိုး ရှိသော လုပ်အားများကိုလည်း အလဟဿ ဖြုန်းတီးစေသည်။

## တရားရုံး ဆုံးဖြတ်စီရင်ခြင်းများ မှားယွင်းတတ်သည်ကို ပြန်လည်ပြုပြင်၍ ပိုမိုတိုးတက်ကောင်းမွန်လာအောင် လုပ်ပေးနိုင်

မှားယွင်းစွာ ဆုံးဖြတ်စီရင်ခြင်းမှာ သဘာဝဖြစ်သည်။ ရှောင်လွှဲ၍မရနိုင်။ ဖုံးဖိဟန်ဆောင်၍ မဖြစ်နိုင်။ လစ်လျူရှုထား၍လည်း မရ။ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းရခြင်းကို သေချာစေ့ငုစွာ ဆန်းစစ်ပြီး ပြုပြင်နိုင်လျှင် အမှားများ ကင်းသထက်ကင်းလာမည် ဖြစ်သည်။

ဥပမာ- နိုင်ငံရေးစနစ်ကြောင့်ဖြစ်လျှင် နိုင်ငံရေးစနစ်ကို ပြုပြင်နိုင်ပါက တိုးတက်လာမည်။ ဆုံးဖြတ်စီရင်သူ တရားသူကြီး (သို့) တရားသူကြီးအဖွဲ့၏ အရည်အချင်းတို့ကြောင့်ဖြစ်လျှင် ထိုအရည်အချင်းများကို မြှင့်တင်ပေးနိုင်သည်။ တရားသူကြီးများ လာဘ်မစားနိုင်အောင်၊ ရာထူးတည်မြဲနေအောင်၊ လုံခြုံမှုရှိအောင် အဘက်ဘက်မှ စီစဉ်ပေးနိုင်သည်။ အကောင်းဆုံးမှာ လွတ်လပ်သော တရားစီရင်ရေးစနစ်ကို ဖန်တီးထားခြင်း ဖြစ်သည်။ ထိုအခါ တရားစီရင်ရေးစနစ်မှာ မတိုးတက်ပဲမနေ၊ မုချ တိုးတက်လာရမည်သာ ဖြစ်သည်။

တရားရေးစနစ်ကို အုပ်ချုပ်ရေးအာဏာပိုင်တို့က လွှမ်းမိုးချုပ်ကိုင်ထားလျှင် ဘက်လိုက်မှုများ ရှိလာမည်။ ယင်းကို ဖယ်ရှားပစ်၍ အပြန်အလှန် ထိန်းညှိမှု (Check and Balance)ကို ကျင့်သုံးနိုင်လျှင် တရားမျှတစွာ ဆုံးဖြတ်စီရင်နိုင်မည်သာ ဖြစ်သည်။

## ပြုပြင်ပြောင်းလဲမှုတွင် နောက်ထပ် အရေးပါသောအချက်

တရားရုံး ဆုံးဖြတ်စီရင်ခြင်းများ မှားယွင်းသည်ကို တိုးတက်ကောင်းမွန်လာအောင် မည်သို့ပင် စီမံဆောင်ရွက်စေကာမူ ဆုံးဖြတ်စီရင်သူ(တို့)၏ အမြင့်ဆုံးအသိဉာဏ်ဖြင့် မဆုံးဖြတ်နိုင်သော အခြေအနေအချိန်ကာလတခုခုကို ကြုံတွေ့နိုင်သည်။ မည်သို့သော အခြေအနေ-အချိန်အခါမျိုး ဖြစ်သည်ကို ကြိုတင်တွက်ဆ၍ မရနိုင်။ အချို့ကိစ္စများတွင် တပြေးညီသော တရားရေးစနစ် မရှိလျှင် ဒေသကွာခြားမှုအလိုက် ဆုံးဖြတ်စီရင်ခြင်းမှာ ပြောင်းလဲ (သို့) မှားယွင်းနိုင်သည်။

အစဉ်သဖြင့် ပြောင်းလဲတိုးတက်နေသော နိုင်ငံတကာအသိုင်းအဝိုင်းနှင့် မလွှဲမရှောင်သာ ဆက်စပ်နေရသော နိုင်ငံအဖို့ ပြည်တွင်း၌ ကျင့်သုံးနေသော စီရင်ထုံးများကို ပုံသေကိုးကား၍ မရနိုင်။ လိုအပ်သော ဥပဒေသစ်များ ထုတ်ပြန်ရမည်ဖြစ်ရာ ယင်းသည် တရားစီရင်ရေးစနစ်အပေါ် အကျိုးသက်ရောက်ရမည် ဖြစ်သည်။

ဥပမာ- လူ့အခွင့်အရေး ချိုးဖောက်ခြင်း၊ လူကုန်ကူးခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း၊ မြေမြှုပ်-ရေမြှုပ်မိုင်းများ ထောင်ခြင်း၊ လူမျိုးပြုန်းတီးစေခြင်း (Genocide) အစရှိသည်တို့၌ လက်ရှိတည်ဆဲဥပဒေ၊ စီရင်ထုံးများနှင့် မလုံလောက်ပါက ဆုံးဖြတ်စီရင်ရသူ တရားသူကြီးများအတွက် အခက်အခဲများ ရှိနေပေလိမ့်မည်။ အကယ်၍ မှားယွင်းစွာ ဆုံးဖြတ်စီရင်မိလျှင် ခံရသူတို့အတွက် နစ်နာဆုံးရှုံးရမည်သာမက နိုင်ငံသိက္ခာ ကျဆင်းသည်အထိ ဆိုးကျိုးများ ဖြစ်လာနိုင်သည်။

မလိုလားအပ်သော ဆိုးကျိုးများကို အမြော်အမြင်ရှိရှိ ဖယ်ရှားပစ်နိုင်ရန် တရားစီရင်ရေးစနစ်ကို အစကတည်းကပင် တိကျမှန်ကန်နေအောင်၊ တရားမျှတမှု ရှိနေအောင်၊ ခေတ်-စနစ်နှင့်အညီ နိုင်ငံတကာနှင့်တန်းတူလိုက်နိုင်အောင် စီမံထားရှိရမည်ဖြစ်သည်။ အရေးပါဆုံး လိုအပ်ချက်မှာ လွတ်လပ်သော တရားစီရင်ရေးစနစ်ကို အာမခံချက်အပြည့်အဝဖြင့် ကျင့်သုံးနိုင်ဖို့ဖြစ်သည်။

ဤသည်မှာ နိုင်ငံကို ကောင်းမွန်စွာ အုပ်ချုပ်နိုင်သည့် (Good Governance)၏ အဓိက (၃)ပိုင်းမှ တပိုင်းသာ ဖြစ်သည်။

## အယူခံဝင်နိုင်ဖို့ မရှိမဖြစ် လိုအပ်

အများအယွင်းများက ဆက်လက် ရှိနေဦးမည်မှာ မလွှဲမရှောင်နိုင် ဖြစ်သောကြောင့် မလိုလားအပ်ပဲ နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန် အယူခံဝင်နိုင်သည့် ရပိုင်ခွင့်များ ရှိကိုရှိနေရမည် ဖြစ်သည်။ မည်သို့သော အခြေအနေ-အချိန်အခါနှင့် မည်သည့် အရပ်ဒေသဖြစ်စေကာမူ အယူခံခွင့် ရှိခြင်းက မရှိခြင်းထက် ပိုကောင်းသည် ဆိုသောအချက်ကို အခိုင်အမာလက်ကိုင်ထား ကျင့်သုံးနေရပေလိမ့်မည်။

## နစ်နာဆုံးရှုံးသည် ဆိုခြင်းမှာ

နစ်-နာ-ဆုံး-ရှုံးမှု ဆိုသည်မှာ လူပုဂ္ဂိုလ်တဦးချင်းတွင်သာ ရှိတတ်သည်မဟုတ်ပဲ မိသားစု၊ ဆွေမျိုး၊ လူမျိုးနှင့် နေထိုင်ရာ ပတ်ဝန်းကျင်၊ ဒေသ၊ နိုင်ငံတို့တွင်လည်း ရှိနေတတ်သည်။

လူနှင့် ပတ်သက်လျှင် မတရားအုပ်ချုပ်တတ်သော နိုင်ငံရေးစနစ်အောက်တွင် ပြည်သူတို့သည် ဆင်းရဲနိမ့်ကျသော ဘဝများ၌ နစ်မွန်းနေရခြင်း၊ ထိခိုက်နာကျင်စွာ ဝေဒနာ ခံစားနေရခြင်း၊ မျှော်လင့်ချက်များ ဆုံးနေခြင်း၊ လူဖြစ်ရှုံးနေခြင်းများကို တိတိကျကျ ဆိုလိုသည်။

နိုင်ငံအတိုင်းအတာဖြင့် နစ်နာဆုံးရှုံးခြင်းများလည်း ရှိသည်။ ထိုနိုင်ငံသည် ဆင်းရဲဒုက္ခ၊ ရောဂါနှင့် ကပ်ဘေးစသည်တို့တွင် နစ်မွန်းနေရခြင်း၊ နိုင်ငံတကာအလယ် အဖက်မတန် ဆက်ဆံခံရသဖြင့် အထိနာရခြင်း၊ တိုးတက်ကောင်းမွန်အောင် လုပ်နိုင်မည့် မျှော်လင့်ချက်တို့ ဆုံးပါးခြင်းနှင့် ထိုအခွင့်အရေးများ ဆုံးရှုံးနေခြင်းတို့ ဖြစ်သည်။

နစ်နာဆုံးရှုံးခြင်းများ မလိုအပ်ပဲ မဖြစ်စေရအောင် နိုင်ငံကို ချစ်မြတ်နိုးသူများ၊ ကယ်တင်နိုင်စွမ်း ရှိသူများက အလေးအနက်ထားရန် လိုအပ်သည်။

## မတရားသည့် တရားရေးစနစ်မျိုး

အချို့သော တရားစီရင်ရေးစနစ်များတွင် အယူခံဝင်ခြင်းကို ခွင့်မပြုနိုင်ပဲ ရှိနေသည်။ ဤအချက်မှာ အာဏာရှင်ဆန်လွန်းသောကိစ္စ ဖြစ်သည်။ လူသားချင်း စာနာထောက်ထားမှု ကင်းမဲ့သော လုပ်ရပ် လည်းဖြစ်သည်။ "အယူခံ ဝင်ပိုင်ခွင့် မရှိ" ဟု မည်သို့ပင် အကြောင်းပြချက်ပေးပေး၊ ယင်းသည် လူ့လောကအသိုင်းအဝိုင်းတွင် ခိုင်လုံသောအထောက်အထား မဟုတ်။ လူ့လောကကောင်းကျိုးကို မဖြစ်စေသောကိစ္စသာ ဖြစ်သည်။

ဥပမာ- စစ်အုပ်ချုပ်ရေးဥပဒေဖြင့် အုပ်ချုပ်နေသောကာလတွင် အချို့နိုင်ငံများ၌ အထူးတရားရုံးဖြင့် စစ်ဆေးကာ စီရင်ချက် ချမှတ်သည်။ အယူခံဝင်ခွင့်ပင် မပေးပဲ တဆက်တည်း ပြစ်ဒဏ်ကျခံစေသည်။ တဖန် အမှု သုံး-လေး-ငါးမှုအတွက် ပြစ်ဒဏ်ချမှတ်ရာ၌ အများဆုံးကျခံရမည့် အမှုတခုတည်း၏ ပြစ်ဒဏ်အစား အမှုအားလုံးမှ ပြစ်ဒဏ်များအားလုံးကိုစုကာ တပေါင်းတစည်းတည်း ကျခံစေသည်။

အာမခံပေးလောက်သည့် အမှုဖြစ်စေကာမူ အာမခံမရ။ အချို့အမှုများ၌ စွပ်စွဲခံရသူသည် ရှေ့နေ ငှားခွင့် မရ။ အစိုးရရှေ့နေပင် လိုက်ခွင့်မရ။ အချို့အမှုများ၌ အသက် (၁၈)နှစ်အောက် အရွယ် မရောက်သေးသည့် ကလေးများအား ပြစ်မှုဆိုင်ရာ ခုံရုံးတင်၍ စစ်ဆေးစီရင်သည်။ အချို့အမှုများကို အများပြည်သူတို့၏ ရှေ့မှောက်တွင် မစစ်ဆေးပဲ တံခါးပိတ် စီရင်ချက်ချသည်။ အချို့အမှုများတွင် စွပ်စွဲခံရသူ၏ မျက်ကွယ်၌ စီရင်ချက်ချခြင်းမျိုးပင် ရှိသည်။

မှတ်ချက်။ ။ အကြမ်းအားဖြင့်သာ ရေးသားဖော်ပြခြင်း ဖြစ်သည်။ တရားရေးစနစ်၊ တရားဥပဒေစိုးမိုးမှု အကြောင်းများကို စာဖတ်သူတို့ ဆက်လက် လေ့လာအားထုတ်ရန် အကြံပေးအပ်ပါသည်။
လွင်အောင်စိုး (၁၇-၁၁-၂၀၀၈)